EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၁

ဩဂုတ် ၁၄ ရက်၊ ၂၀၁၈

## ရန်ပုံငွေသုံးစွဲမှုများတွင် ပိုလျှံငွေများ အချိန်မီအပ်နှံမှုမရှိကြောင်း စိစစ်တွေ့ရှိ

ဩဂုတ် ၄၊ ၂၀၁၈

ဘဏ္ဍာရေးနှစ် ရန်ပုံငွေသုံးစွဲရာတွင် ပိုလျှံငွေများ အချိန်မီအပ်နှံမှုမရှိသည်ကို စိစစ်တွေ့ရှိခဲ့ကြောင်း ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာ ကော်မတီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သည်။ ယင်းမှာ ကော်မတီ၏ တိုင်းဒေသကြီးစာရင်းစစ်ချုပ် အစီအရင်ခံစာအပေါ် လေ့လာတွေ့ရှိချက်များ ဖြစ်သည်။

တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သောအဖွဲ့အစည်း ၂၃ ဖွဲ့တွင် အဖွဲ့အစည်း ၁၀ ဖွဲ့မှ ပိုလျှံငွေ အပြည့်အဝ အပ်နှံခဲ့ပြီး အဖွဲ့အစည်း ၁၃ ဖွဲ့မှ ကျပ်သန်း ၃၉.၆၇၄ အား ပြန်လည်အပ်နှံမှုမရှိခဲ့ပေ။



ထို့ပြင် အမှန်တကယ်သုံးစွဲရန် လိုအပ်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြန်လည်အပ်နှံခြင်းလည်း တွေ့ရှိခဲ့ရပြီး စည်းကမ်းနှင့်မကိုက်ညီကြောင်း တင်ပြခဲ့သည်။

ထူးခြားသော စစ်ဆေးတွေ့ရှိချက်များတွင် တွက်ချက်မှုမှားယွင်းခြင်း၊ ဝန်ထမ်းများ၏လစာစရိတ်၊ ခရီးစရိတ်တွက်ချက်မှုများ နားမလည်ခြင်း၊ စာရင်းတစ်ခုနှင့်တစ်ခု Check & Balance ပြုလုပ်မှု အားနည်းခြင်း၊ အထက်အဆင့်ဆင့်တာဝန်ရှိသူများ ကြီးကြပ်မှုအားနည်းခြင်းများကြောင့် မှားယွင်းမှုများ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း ကော်မတီက သုံးသပ်ခဲ့သည်။

နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေများဖြစ်၍ မမှားသင့်သော အမှားများဖြစ်ပြီး တာဝန်ရှိသူများက အဆင့်ဆင့်ကြီးကြပ် ဂရုပြုဆောင်ရွက်ရန် အကြံပြုခဲ့သည်။ **(ကိုးကား-မဇ္ဈိမ)**

---

## ကျေးလက်ကစီမံခန့်ခွဲရမည့် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးရေးအဆို မကွေးတိုင်းလွှတ်တော် အတည်ပြု

ဩဂုတ် ၂၊ ၂၀၁၈

ကံမမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းတင်သွင်းသည့် တိုင်းအတွင်း ကျေးလက်ဒေသများတွင် ကျေးလက်က ထိန်းသိမ်းရမည့် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးရေးအဆိုကို မကွေးတိုင်းလွှတ်တော်က ဇူလိုင် ၃၁ ရက်တွင် အတည်ပြုသည်။

မကွေးတိုင်းဒေသကြီးသည် မိုးနည်းရပ်ဝန်းဒေသတွင်ပါဝင်ပြီး တောင်သူအများစု မိုးကိုမျှော်ကာ စိုက်ပျိုးနေသည့် အခြေအနေများမှ လွတ်မြောက်စေရန် ယင်းအဆိုတင်သွင်းကြောင်း အဆိုရှင် ဦးဇော်ဝင်းက ပြောကြားသည်။

"တောင်သူတွေက မိုးမျှော်ပြီး စိုက်ပျိုးနေရတယ်။ မိုးများရင်၊ မိုးမရွာရင်လည်း စိုက်ထားတာလေး ပျက်မှာစိုးရတယ်။ ဒီဆည်ငယ်၊ ကန်ငယ်တွေရှိလာရင် မိုးတင်မကဘူး၊ ဆောင်း၊ နွေပါ ရေရှိသလောက် စိုက်လို့ရမယ်။ ရေကိုလည်း လိုသလို သုံးနိုင်မယ်။ ဒါကြောင့် ဒီအဆိုကိုတင်တာ ဖြစ်တယ်"ဟု ၎င်းကပြောသည်။

နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆည်ကြီး၊ တာတမံကြီးများသည် ကုန်ကျစရိတ်နှင့်ထိန်းသိမ်းရသည့် စရိတ်များလွန်းပြီး ယင်းနှင့် တစ်ဆက်တည်းရှိနေသည့် လယ်ယာမြေများသာ ရေပေးဝေနိုင်သဖြင့် စိုက်ကွက်ငယ်များ ပြန့်ကျဲနေသည့် ကျေးရွာများအတွက် အကျိုးခံစားရခြင်းမရှိကြောင်း ၎င်းကဆိုသည်။

တစ်ဖက်ပိတ်ဆည်ငယ်၊ ကန်ငယ်နှင့် တာပေါင်ငယ်လေးများသည် ကုန်ကျစရိတ်သက်သာသည့်အပြင် ကျေးရွာကသာ ထိန်းသိမ်းရမည်ဖြစ်သောကြောင့် ထိန်းသိမ်းစရိတ်နည်းပါးမည့်အပြင် စိုက်ကွက်ငယ်တောင်သူများအတွက် အကျိုးများစွာရရှိမည်ဖြစ် ကြောင်း ၎င်းကဆိုသည်။

ယင်းအဆိုနှင့်ပတ်သက်၍ မကွေးတိုင်းအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဆိုင်ရာဝန်ကြီးက ထောက်ခံဆွေးနွေးပြီး ဆည်ငယ်၊ ကန်ငယ်များ ကျေးရွာများတွင် အကောင်အထည်ပေါ်လာလျှင် စိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများစွာ အဆင်ပြေစေမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ဆိုသည်။

**(ကိုးကား - http://www.7daydaily.com)**



ပုသိမ်တက္ကသိုလ်တွင် ကျောင်းသားလွှတ်တော်အစည်းအဝေးကို ကျင်းပနေစဉ်။ (ဓာတ်ပုံ-စိုးမင်းထွန်း)

# ပုသိမ်တက္ကသိုလ်တွင် ကျောင်းသားလွှတ်တော် ပထမအကြိမ်ကျင်းပ

ဩဂုတ် ၃၊ ၂၀၁၈

ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များနှင့် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တို့ပါဝင်သည့် ကျောင်းသားလွှတ်တော်ကို ဩဂုတ် ၂ ရက်က ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ပထမအကြိမ် ကျင်းပခဲ့သည်။

ကျောင်းသားလွှတ်တော်ကို ပုသိမ်တက္ကသိုလ် ကျောင်းသားသမဂ္ဂဦးဆောင်ကာ ဩဂုတ် ၃ ရက်အထိ ကျင်းပခဲ့သည်။

ကျောင်းသားလွှတ်တော် တွင် ပုသိမ်တက္ကသိုလ်ရှိ ဘာသာရပ်ဌာနများအလိုက် ကျောင်းသားကိုယ်စားလှယ်များက တောင်းဆိုချက်၊ အဆိုပြုချက်၊ မေးခွန်းမေးမြန်းချက်များကို လွှတ်တော်၏ထောက်ခံချက်ရယူကာ တင်ပြရမည်ဖြစ်ပြီးတက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ကလွှတ်တော်သို့လာရောက်ဖြေကြားကြသည်။

“ကျောင်းသားသမဂ္ဂအနေနဲ့လည်း ကျောင်းရဲ့လိုအပ်ချက်၊ ကျောင်းသားတွေရဲ့လိုအပ်ချက်ကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို တောင်းဆိုပေးတာတွေရှိပေမယ့် ကျောင်းသားလွှတ်တော်မှာကျတော့ ကျောင်းသားသမဂ္ဂတစ်ခုတည်းမဟုတ်ဘဲ တစ်ကျောင်းလုံးက ဌာနအလိုက် ကိုယ်စားလှယ်တွေကလိုအပ်ချက်ကို တင်ပြတောင်းဆိုတာဆိုတော့ တစ်ကျောင်းလုံးက ကျောင်းသားတွေရဲ့ဆန္ဒကို ကိုယ်စားပြုမှုရှိတယ်”ဟု ပုသိမ်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုဥက္ကဋ္ဌ ကိုစုပါမောင်ကဆိုသည်။

လွှတ်တော်ပထမနေ့တွင် ကျောင်းသားလွှတ်တော်ဥက္ကဋ္ဌက ကျမ်းသစ္စာကျိန်ဆိုပြီး သမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ကို ကျောင်းသားလွှတ်တော်ကိုယ်စားလှယ်များက မဲပေးရွေးချယ်ခဲ့သည်။ ဒုတိယနေ့တွင် အဆို၊ မေးခွန်းများတင်သွင်းခြင်း၊ ပြန်လည်ဖြေကြားခြင်း ပြုလုပ်ကြသည်။

ပုသိမ်တက္ကသိုလ်ကျောင်းသားလွှတ်တော်သို့ အခြားတက္ကသိုလ်ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များအပါအဝင် ကျောင်းသား၊ ကျောင်းသူ ၈၀ ဦး လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။

တက္ကသိုလ်ကျောင်းသား လွှတ်တော်ကို သန်လျင်သမဝါယမတက္ကသိုလ်တွင် ၂၀၁၇ စက်တင်ဘာကကျင်းပပြီး ပုသိမ်တက္ကသိုလ်သည် ကျောင်းသားလွှတ်တော်ကျင်းပသည့် ဒုတိယမြောက်တက္ကသိုလ်ဖြစ်သည်။

(ကိုးကား - http://www.7daydaily.com)

# ရန်ကုန်တိုင်းလွှတ်တော်၌ ကတိပေးထားသည့်ကိစ္စများ ပြီးစီးမှု သိရှိရမှု အားနည်းနေ

ဩဂုတ် ၄၊ ၂၀၁၈

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ဆဋ္ဌမအကြိမ် ပြီးစီးခဲ့သည်အထိ လွှတ်တော်၌ အတည်ပြုလိုက်သည့်အဆိုများ၊ မေးခွန်းများအား ဆောင်ရွက်မှုပြီးစီးသည်၊ မပြီးစီးသေးသည်ကို တိတိကျကျ မသိရသေးကြောင်း ကျောက်တံတားမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောသည်။

“ဝန်ကြီးတွေကဖြေရင် တိတိကျကျ လုပ်ပေးမယ်၊ မလုပ်ပေးနိုင်ဘူး၊ အဲဒီလိုမျိုးမရှိဘူး။ ဟိုလိုလို ဒီလိုလို ဖြေတိုင်း ဖြေတိုင်း နောက်ဆုံးကျတော့ ကတိဖြစ်လားမဖြစ်လားမသိဘူး။ ဒါမျိုးတွေလည်း ရှိတယ်”ဟု အစိုးရ၏ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်လည်းဖြစ်သူ ဒေါ်ကြည်ပြာကပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များမှမေးမြန်းမှုကို အစိုးရဘက်က ပြန်လည်ဖြေကြားရာတွင် တိတိကျကျ ဖြေဆိုခြင်းမရှိသောကြောင့် အစိုးရဘက်မှ ဆောင်ရွက်ပေးမည်၊ မပေးမည် စသည့်တို့ကို ပြန်လည်စိစစ်ရာတွင် အခက်အခဲများရှိနေသည်ဟု ၎င်းကဆိုသည်။ ထို့ပြင် တိုင်းလွှတ်တော်တွင် ကတိပေးထားသောကိစ္စရပ်များကို တိုင်းဒေသကြီးအစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းမှုများ ရှိနေသည်ဟု လည်း ဆိုသည်။

“မေးခွန်းတွေနဲ့ပတ်သက်ပြီး တတ်နိုင်သမျှတော့ တောက်လျှောက်စစ်ဆေးခဲ့တယ်။ မေးခွန်းတွေထဲမှာ ပေါ်လစီနဲ့ပတ်သက်ပြီး ပြောင်းရမယ့်ဟာမျိုးဆိုရင် တော်တော်လေး လုပ်ဆောင်မှုအားမှာ လိုအပ်ချက်ရှိနေတယ်။ အဆိုတွေကတော့ မလုပ်နိုင်တာ နည်းနည်းများတယ်”ဟု ကျောက်တံတားမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမတစ်နှစ်တာကာလအတွင်း တတိယအကြိမ်ပုံမှန်အစည်းအဝေး ပြီးဆုံးသည့်အချိန်အထိ အဆိုပေါင်း (၁၈) ခု တင်သွင်းခဲ့ရာ (၁၁) ခု အတည်ပြုနိုင်ခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း (၃၁၆) ခုနှင့် ကြယ်ပွင့်မပြမေးခွန်း စုစုပေါင်း (၈၈) ခု မေးမြန်းထားသည်။

ကျန်ရှိသည့် စတုတ္ထအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ အဆိုပေါင်းမည်မျှတင်သွင်းခဲ့ပြီး မည်မျှအတည်ပြုနိုင်ခဲ့သည်ကိုမူ မဇ္ဈိမက အတည်ပြုထားနိုင်ခြင်းမရှိသေးပေ။

(ကိုးကား-http://mizzimaburmese.com)

# လွှတ်တော်က ပယ်ချသဖြင့် ကျေးရွာမြစ်ရေတင်စီမံကိန်း မဆောင်ရွက်ဖြစ်သေးဟုဆို

**ဩဂုတ် ၅၊ ၂၀၁၈**

မကွေးတိုင်း အောင်လံမြို့နယ် မိုးကောင်းကျေးရွာ၌ ဆောင်ရွက်မည့်မြစ်ရေတင်စီမံကိန်းကို နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်ထည့်သွင်းခဲ့သော်လည်း လွှတ်တော်က ပယ်ချသဖြင့် မဆောင်ရွက်ဖြစ်သေးကြောင်း မကွေးတိုင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ပြောသည်။

ဩဂုတ် ၃ ရက်နေ့လယ်က အောင်လံမြို့နယ်၊ ဝွေးကုန်းကျေးရွာ၌ တိုင်းအစိုးရအဖွဲ့စိုက်ပျိုးရေးဝန်ကြီးနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲတွင် ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားသည်။

"ဒီမြစ်ရေတင်စီမံကိန်းက အခု မီနီဘတ်ဂျက်မှာ ချထားပြီးသားဖြစ်တယ်။ အဲဒီအချိန်မှာ တိုင်းဒေသကြီးလွှတ်တော်ကနေပြီးတော့ ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်မကိုက်ဘူးဆိုပြီးတော့ ပယ်ချတဲ့အတွက် မလုပ်ဖြစ်တော့တာ ဖြစ်ပါတယ်။ အခု ၁၈-၁၉ မှာပါမလားလို့ ကြည့်သေးတယ်။ ထပ်ပါမလာတော့ပါဘူး" ဟု ၎င်းကပြောသည်။



**မကွေးတိုင်းအစိုးရအဖွဲ့ စိုက်ပျိုးရေးဝန်ကြီး ဦးဝင်းမော်ဌေး အောင်လံဒေသခံများနှင့် တွေ့ဆုံစဉ်။ (ဓာတ်ပုံ-လင်းသက်နိုင်)**

ယင်းစီမံကိန်းသည် ဆောင်ရွက်သင့်သည့် စီမံကိန်းဖြစ်၍ တိုင်းဝန်ကြီးချုပ်ထံ ထပ်မံတင်ပြထားပြီး လာမည့်ဘဏ္ဍာနှစ်များတွင် ထည့်သွင်းနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ဝန်ကြီးကဆို သည်။

ရေဝတီမြစ်အနီးတွင် တည်ရှိသည့် မိုးဖုန်း၊ မြွေရိုး၊ ရွှေသုဌေး၊ မိုးကောင်းနှင့် ဝွေးကုန်းကျေးရွာများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည့် လယ်ယာမြေကောင်းများစွာ ရှိနေသော်လည်း ရေမရသဖြင့် မစိုက်ပျိုးနိုင်ဖြစ်ရာ မြစ်ရေတင်စီမံကိန်းတစ်ခု အကောင်အထည်ဖော်ရန် ဒေသခံများက ယခင်အစိုးရလက်ထက် ၂၀၁၅ က စတင်တောင်းဆိုခဲ့သည်။

NLD ပါတီအစိုးရလက်ထက်တွင်လည်း တိုင်းအစိုးရနှင့် စီမံကိန်းဝန်ကြီးထံ ထပ်မံတင်ပြတောင်းဆိုခဲ့သဖြင့် ဌာနဆိုင်ရာများက ကွင်းဆင်းစစ်ဆေးကာ အကျိုးပြုကေများသဖြင့် ဆောင်ရွက်သင့်ကြောင်း ထောက်ခံကာ စီမံကိန်းများ ရေးဆွဲတင်ပြခဲ့သည်။

တိုင်းလွှတ်တော်ဥပဒေရေးရာ ကော်မတီ၏အစီရင်ခံစာတွင် မြစ်ရေတင်စီမံကိန်းများသည် ကုန်ကျစရိတ်နှင့် ရရှိသည့်အကျိုးအမြတ်ကာမိခြင်းမရှိသဖြင့် မဆောင်ရွက်သင့်ကြောင်း အကြံပြုချက်ပါရှိသည့်အပြင် တိုင်းအစိုးရအဖွဲ့ကလည်း လွှတ်တော်ရေးရာကော်မတီများ၏ အကြံပြုချက်ကို လိုက်နာရန် စာထုတ်ထားသဖြင့် ယင်းမြစ်ရေတင်စီမံကိန်း ဆောင်ရွက်မှုကို ရပ်တန့်ထားကြောင်း မကွေးတိုင်း ရေအရင်းအမြစ်ဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဦးစောလွင်က ပြောသည်။

**(ကိုးကား:-http://www.7daydaily.com)**

# ကျေးလက်မီးလင်းရေး ကော်မတီများကို ဥပဒေနှင့်အညီ ဖွဲ့စည်းရေးအဆို မကွေးတိုင်းလွှတ်တော် အတည်ပြု

**ဇူလိုင် ၃၁၊ ၂၀၁၈**

တိုင်းအတွင်းရှိ ကျေးရွာများ၌ ဥပဒေနှင့်အညီ မီးလင်းရေးကော်မတီ စနစ်တကျဖွဲ့စည်းရေးနှင့် တိုင်းအစိုးရအဖွဲ့က 11KV ဓာတ်အားလိုင်းများကို ဥပဒေနှင့်အညီဆောင်ရွက်ရန် မြိုင်မြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်၏အဆိုကို မကွေးတိုင်းဒေသကြီး လွှတ်တော်က ဇူလိုင် ၃၀ ရက်တွင် အတည်ပြုခဲ့သည်။

မကွေးတိုင်းကျေးရွာအချို့၌ မီးလင်းရေးကော်မတီများသည် ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မှုမရှိဘဲ ၎င်းတို့သဘောဖြင့်သာ ဆောင်ရွက်နေပြီး ရန်ပုံငွေစာရင်းများ ပွင့်လင်းမြင်သာမှုမရှိသဖြင့် ကျေးရွာမီးလင်းရေးကော်မတီများကို ဥပဒေ၊ နည်းဥပဒေများဖြင့် စနစ်တကျဖွဲ့စည်းပေးရန် အဆို တင်သွင်းခဲ့ကြောင်း ၎င်းက ဆိုသည်။

"အရင်တုန်းကဖွဲ့ခဲ့တဲ့ မီးလင်းရေးကော်မတီတွေက ပတ်သက်ရာပတ်သက်ကြောင်းနဲ့ ဖွဲ့ခဲ့တာတွေလေ။ နောက် အများမပါဘူး။ ဒီတော့ တစ်ရွာတည်းမှာတင် နှစ်ခြမ်း၊ သုံးခြမ်းကွဲကုန်တာ၊ စည်းလုံးမှုလျော့ကုန်တာ၊ ငွေစာရင်းတွေ မရှင်းတာ၊ ပိုက်ဆံတွေကောက်ပြီး ဘယ်လိုသုံးမယ်ဆိုတာ ချမပြတာ စတာတွေဖြစ်တယ်ဗျာ။ ဒါကြောင့် အဆိုတင်ဖြစ်တာ"ဟု ဦးသက်နိုင်က ပြောသည်။

ထို့အပြင် ပြဋ္ဌာန်းထားသော ဥပဒေများအရ လျှပ်စစ်ဓာတ်အားလိုင်းကြီးများသို့ လျှပ်စစ်စတင်စီးဝင်သည်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၏ စီမံခန့်ခွဲမှုအောက် ရောက်ရှိသည်ဟု ပြဋ္ဌာန်းထားသော်လည်း မြေပြင်၌ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသည့်လိုင်းများတွင် အခြားလိုင်းများဆွဲခွင့်မပြုခြင်း၊ လူပုဂ္ဂိုလ်အချို့က ကိုယ်ပိုင်သဖွယ် ဆောင်ရွက်မှုများရှိခြင်းကြောင့် ယင်းအဆိုကို တင်သွင်းကြောင်း ၎င်းကဆိုသည်။

11 KV ဓာတ်အားလိုင်းကြီးများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောကြောင့် ယင်းပြဿနာများအမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဦးသက်နိုင်က ပြောသည်။

မကွေးတိုင်းအစိုးရအဖွဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးက ယင်းအဆိုကို အတည်ပြုသင့်ကြောင်း လွှတ်တော်တွင် ထောက်ခံဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ်အများစုက ထောက်ခံဆွေးနွေးခဲ့သည်။

ယင်းအဆို အတည်ပြုချက်ကို တိုင်းအစိုးရအဖွဲ့ထံသို့ ပေးပို့မည်ဖြစ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌကပြောသည်။

**(ကိုးကား:- http://www.7daydaily.com/story/132620)**